**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ငုက္ခလေးကျေးရွာအုပ်စု၊ ဝါးဘိုးကုန်းကျေးရွာအနီးရှိ မြေဧရိယာ ၂၀ ဧက ကျယ်ဝန်းသော လုပ်ကွက်အမှတ် (၂) တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အသေးစားစမ်းသပ်တိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း အတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်

**(Environmental Compliance Certificate- ECC)**

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်
# (Environmental Compliance Certificate- ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၇၇၈ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင် ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးစိန်မျိုးအောင်<br>ဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - | ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၊ ၆၅လမ်းနှင့် ၃၅လမ်းထောင့်၊ နံပါတ် ၄၁၄/၁၊ ချမ်းမြေ့သာစံ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၉-၄၀၀၀၃၈၃၄၄ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အသေးစား စမ်းသပ်တိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | စီမံကိန်းမြေဧရိယာ (၂၀) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ဝါးဘိုးကုန်းကျေးရွာအနီး၊ ငုက္ကလေးကျေးရွာအုပ်စု၊ နောင် ချိုမြို့နယ်၊ ကျောက်မဲခရိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) |
| (ဆ) | **ECC သက်တမ်း** | - | (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၉-၁၁-၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် - ၈-၁၁-၂၀၂၇ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ အမျိုးအစား** | - | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) |
| (ဈ) | **အတည်ပြုအစီရင်ခံစာ** | - | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ရှမ်းပြည်နယ်၏ ၃၀-၁၁-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ သယံဇာတ/ ဆန်းစစ်-သတ္တု (၂၂၆၉/၂၀၂၁) |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

၂၉.၃.၂၀၁၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ငုက္ကလေးကျေးရွာအုပ်စု၊ ဝါးဘိုးကုန်းကျေးရွာအနီးရှိ လုပ်ကွက်အမှတ် (၂) တွင် ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အသေးစားစမ်းသပ်တိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းကြောင်းအရာ**

၁။ ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ငုက္ကလေးကျေးရွာအုပ်စု၊ ဝါးဘိုးကုန်းကျေးရွာအနီးရှိ မြေဧရိယာ ၂၀ ဧကကျယ်ဝန်းသော လုပ်ကွက်အမှတ် (၂) တွင် ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အသေးစားစမ်းသပ်တိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၏ ၃၀-၁၁-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ သယံဇာတ/ ဆန်းစစ်-သတ္တု (၂၂၆၉/၂၀၂၂) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate–ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးစိန်မျိုးအောင်၊ ဒါရိုက်တာ၊ ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၊ ၆၅ လမ်းနှင့် ၃၅ လမ်းထောင့်၊ နံပါတ် ၄၁၄/၁၊ ချမ်းမြေ့သာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၉-၄၀၀၀၃၈၃၄၄ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မြေဧရိယာ (၂၀) ဧကတွင် ဟင်းလင်းပွင့်တူးဖော်သည့်နည်းစနစ်ဖြင့် တူးဖော်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ထုံးကျောက်တူးဖော်ရာတွင် အပေါ်ယံမြေများစွန့်ပစ်ရာ မြေစာပုံအား အလျား (၁၃၀မီတာ)၊ အနံ (၁၃၀မီတာ) ထားရှိကာ မိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်အသုံးပြုရန် စနစ်တကျ စုပုံထားရှိမည်ဖြစ်ကြောင်း၊ တူးဖော်ရေးလုပ်ငန်းများအား (၉၂၀) မီတာ ပြင်ညီအထိ ပြင်ညီ Level (၂၅) ခုထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြီးမားသောထုံးကျောက်များအား ယမ်းပျော့၊ Detonator နှင့် Safety Fuse တို့ဖြင့် ဒုတိယအကြိမ် ဖောက်ခွဲပြီး ယာယီစုပုံကွင်းသို့ သယ်ဆောင်ပြီး ထိုမှတစ်ဆင့် Crown ဘီလပ်မြေစက်ရုံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ ထုံးကျောက်စမ်းသပ်တိုင်းတာရန် နမူနာ ၀.၁၈ တန် ထုတ်ယူမည်ဖြစ်ကြောင်း၊ စမ်းသပ်တိုင်းတာတွက်ချက်မှုအရ (သ-၂) အဆင့် ထုံးကျောက်တန်ချိန် (၁၁၉၉၈၉၇၁.၃၈) တန် ထွက်ရှိနိုင်ကြောင်း၊ Stripping Ratio မှာ (၁:၀.၀၃) ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စမ်းသပ်တိုင်းတာစဉ်ကာလတွင် တစ်နှစ်လျှင် ရေဂါလန် (၁၃၆,၈၀၀) နှင့် ထုတ်လုပ်မှုကာလတွင် တစ်နှစ်လျှင် ဝန်ထမ်းအသုံးပြုရေ (၉၃၆,၀၀၀) ဂါလန်နှင့် လုပ်ငန်းသုံးရေ (၆၀၀,၀၀၀) ဂါလန် အသုံးပြုမည်ဖြစ်ကြောင်း၊ လောင်စာဆီလိုအပ်ချက်အနေဖြင့်

စမ်းသပ်တိုင်းတာမှုကာလတွင် သုံးလျှင် ဒီဇယ်ဆီဂါလန် (၉၉၀) ခန့်၊ အင်ဂျင်ဝိုင် (၂၅) ဂါလန်နှင့် ထုတ်လုပ်မှုလုပ်ငန်းအတွက် တစ်နှစ်လျှင် ဒီဇယ်ဆီဂါလန် (၄၂,၃၀၀) ခန့်၊ အင်ဂျင်ဝိုင် (၈၅၀) ဂါလန်ခန့် အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ငုက္ကလေးကျေးရွာအုပ်စု၊ ဝါးဘိုးကုန်းကျေးရွာအနီးရှိ မြေဧရိယာ ၂၀ ဧက ကျယ်ဝန်းသော လုပ်ကွက် အမှတ် (၂) တွင် တည်ရှိသည်။

# ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ငုက္ကလေးကျေးရွာအုပ်စု၊ ဝါးဘိုးကုန်းကျေးရွာအနီးရှိ လုပ်ကွက်အမှတ် (၂) တွင် ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အသေးစားစမ်းသပ်တိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းတည်နေရာပြမြေပုံ





အညွှန်း

အသေးစား စမ်းသပ်တိုင်းတာရန်ခွင့်ပြုသော လုပ်ကွက်၏ တည်နေရာ


93 /B-11,12(A-325 967, B-328 968, C-329 965, D-327 964)

မြေဧရိယာ (၂၀) ဧက


## ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ငုက္ကလေးကျေးရွာအုပ်စု၊ ဝါးဘိုးကုန်းကျေးရွာအနီးရှိ လုပ်ကွက်အမှတ် (၂) တွင် ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အသေးစားစမ်းသပ်တိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် Layout Plan



# ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ငကွလေးကျေးရွာအုပ်စု၊ ဝါးဘိုးကုန်းကျေးရွာအနီးရှိ လုပ်ကွက်အမှတ် (၂) တွင် ထိုးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်



## ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ငကွလေးကျေးရွာအုပ်စု၊ ဝါးဘိုးကုန်းကျေးရွာအနီးရှိ လုပ်ကွက်အမှတ် (၂) တွင် ထိုးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

ဖ။ ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ငုက္ခလေးကျေးရွာအုပ်စု၊ ဝါးဘိုးကုန်းကျေးရွာအနီးရှိ မြေဧရိယာ ၂၀ ဧကကျယ်ဝန်းသော လုပ်ကွက်အမှတ် (၂) တွင် ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အသေးစားစမ်းသပ်တိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၏ ၃၀-၁၁-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ သယံဇာတ/ ဆန်းစစ်-သတ္တု (၂၂၆၉/၂၀၂၁) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့် သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းသည် မြေဧရိယာ (၂၀) ဧကတွင် ဟင်းလင်းပွင့်တူးဖော်သည့်နည်းစနစ်ဖြင့် တူးဖော်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ထုံးကျောက်တူးဖော်ရာတွင် အပေါ်ယံမြေများစွန့်ပစ်ရာ မြေစာပုံအား အလျား (၁၃၀ မီတာ)၊ အနံ (၁၃၀ မီတာ) ထားရှိကာ မိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်အသုံးပြုရန် စနစ်တကျ စုပုံထားရှိမည်ဖြစ်ကြောင်း၊ တူးဖော်ရေးလုပ်ငန်းများအား (၉၂၀) မီတာ ပြင်ညီအထိ ပြင်ညီ Level (၂၅) ခုထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြီးမားသောထုံးကျောက်များအား ယမ်းပျော့၊ Detonator နှင့် Safety Fuse တို့ဖြင့် ဒုတိယအကြိမ်ဖောက်ခွဲပြီး ယာယီစုပုံကွင်းသို့ သယ်ဆောင်ကာ ထိုမှတစ်ဆင့် Crown ဘိလပ်မြေစက်ရုံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ ထုံးကျောက်စမ်းသပ်တိုင်းတာရန် နမူနာ ၀.၁၈ တန် ထုတ်ယူမည် ဖြစ်ကြောင်း၊ စမ်းသပ်တိုင်းတာတွက်ချက်မှုအရ (သ-၂) အဆင့် ထုံးကျောက်တန်ချိန် (၁၁၉၈၉၇၁.၃၈) တန် ထွက်ရှိနိုင်ကြောင်း၊ Stripping Ratio မှာ (၁:၀.၀၃) ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်မှုအဆင့်တိုင်းတွင် ကျောက်မှုန့်၊ သဲမှုန်နှင့် သတ္တုမှုန်များ သယ်ယူပို့ဆောင်ရသောကြောင့် အသုံးပြုသော မြေသားလမ်းများအား ရေဖျန်း ခြင်း၊ ယာဉ်/ ကားများအား အရှိန်လျှော့မောင်းနှင်စေရန်၊

(၂) လုပ်ကွက်အတွင်း သတ္တုရိုင်းသယ်ယူသည့်လမ်းကြောင်းတွင် အမှုန်အမွှားများ မထွက်စေရန် မိုးကာများဖုံးအုပ် သယ်ဆောင်စေရန်၊

(၃) စက်ယန္တရားများ၏ ကြံ့ခိုင်မှုနှင့် အိတ်ဇောပိုက်များအား အမြဲမပြတ် စစ်ဆေး ခြင်းနှင့် လုပ်ကွက်ဧရိယာတွင် လေကာပင်များ စိုက်ပျိုးရန်၊

(၄) Drilling ပြုလုပ်သည့်အခါ Drilling Machine ၏ ထိပ်တွင် ဖုန်စုပ်ကိရိယာများ တပ်ဆင်ထားရှိရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စားဖိုဆောင်နှင့် ဝန်ထမ်းများ၏ အသုံးပြုသော စွန့်ပစ်ရေများကို လူနေဆောင် နံဘေး ၃၀ ပေ အကွာတွင် ၁၀ပေပတ်လည် မြေသားကျင်းအတွင်းသို့ (၂'x၁') ရှိသော မြေသားမြောင်းသွယ်၍ စနစ်တကျစွန့်ပစ်ရန်၊

(၂) ရေဆိုးစွန့်ပစ်ကျင်းများကို စနစ်တကျ စီမံဆောင်ရွက်ထားခြင်းဖြင့် မြေအောက် ရေ ထိခိုက်မှုမရှိအောင် ပြုလုပ်ရန်၊

(၃) လွန်တွင်းမှထွက်ရှိသောရေများအား လွန်တွင်းနံဘေး (၁၀) ပေခန့်အကွာတွင် ၄ ပေ ပတ်လည် မြေသားကျင်းအတွင်းသို့ ရေမစိမ့်နိုင်သော မိုးကာများခင်း၍ အနည်ထိုင်စေပြီး လွန်တွင်းတူးရာတွင် ပြန်လည်အသုံးပြုရန်၊

(၄) ရေစုကန်အတွင်းရှိ ရေအရည်အသွေးကို စမ်းသပ်၍ အန္တရာယ်ရှိရေဖြစ်ပါက လိုအပ်သည့် Reagent များ အသုံးပြု၍ ဓာတ်ပြယ်အောင် စီစဉ်ဆောင်ရွက် ရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပေါ်ယံမြေစာနှင့် ကျောက်သားများကို လျှောစောက် ၄၅° ရှိ ၂ ထပ် စုပုံ ကွင်းတွင် စနစ်တကျ စုပုံထားရှိရန်၊

(၂) အပေါ်ယံမြေစာနှင့် ကျောက်သားများအား မြေထိန်းနံရံများပြုလုပ်ခြင်း၊ လုပ်ငန်းခွင်ရှိ ကျင်းများအား မြေဖို့ခြင်းနှင့် လမ်းခင်းခြင်းများဆောင်ရွက်ရန်၊

(၃) တူးဖော်ခြင်းလုပ်ငန်းပြီးဆုံးပါက တူးဖော်ခဲ့သည့်နေရာများအား မြေစာနှင့် ကျောက်သားများဖြင့် ပြန်လည်ဖြည့်တင်း၍ ဒေသနှင့်ကိုက်ညီသောအပင်များ ပြန်လည်စိုက်ပျိုးသွားရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်သားများအား နားကြပ်တပ်ဆင်စေခြင်း၊ အသံထိန်းကိရိယာတပ်ထားသော စက်များအား အသုံးပြုရန်၊

(၂) အင်ဂျင်စက်နှင့် စက်ယန္တရားအချို့မှ ထွက်ပေါ်လာသည့် ဆူညံသံများကို စုပ်ယူနိုင်သော အိပ်ဇောပိုက်များဖြင့် အသံလုံစနစ်များ တပ်ဆင်ထားရန်၊

(၃) Blasting ကြောင့် ဖြစ်ပေါ်လာနိုင်သော ဆူညံသံနှင့် တုန်ခါမှုကို ထိန်းချုပ်နိုင်ရန်အတွက် Control Blast Technique အား အသုံးပြုဆောင်ရွက်ရန်၊

(၄) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပလတ်စတစ်အမှိုက်၊ စားဖိုဆောင်နှင့် လူသုံးကုန်ပစ္စည်းများမှ စွန့်ပစ်အမှိုက်များကို လူနေဆောင်နံဘေး ၂၀ ပေ အကွာတွင် ၁၀ ပေ ပတ်လည်ကျင်းတူး၍ စနစ်တကျ စွန့်ပစ်ရန်၊

(၂) လွန်တွင်းတူးဖော်ရာမှ ထွက်ရှိလာသော လွန်ဆံများကို သစ်သားသေတ္တာများဖြင့် ထည့်၍ စနစ်တကျ သိမ်းဆည်းထားရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု။** ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှုအစီအစဉ်နှင့် စပ်လျဉ်း၍ စမ်းသပ်တိုင်းတာခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်မည့်ဧရိယာသည် လူနှင့် တိရစ္ဆာန်များနေထိုင်လျက်ရှိပြီး လေထု၊ မြေထု ကောင်းမွန်သော ဂေဟစနစ်တစ်ခုအဖြစ် တည်ရှိနေဆဲ ဖြစ်ပါကြောင်း၊ စမ်းသပ်တိုင်းတာစဉ်ကာလအတွင်း ဂေဟစနစ်ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

(ဈ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအစီအစဉ်နှင့်စပ်လျဉ်း၍ ဝန်ထမ်းများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ ရှေးဦးသူနာပြုသင်တန်းများသို့ တက်ရောက်စေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အခမဲ့ဆေးပေးခန်းတစ်ခု ဖွင့်လှစ်၍ စီမံဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လွန်တွင်း၏နံဘေးတွင် ဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ မြေသားနံရံ ပြိုကျမှုမရှိစေရန် မြေသားနံရံများ ခိုင်ခံ့မှု ရှိ/မရှိ စစ်ဆေးခြင်းများ ပြုလုပ်ရန်၊

(၂) လုပ်သားများအား Safety Helmet၊ ဖိနပ်၊ ဝတ်စုံ၊ လက်အိတ်များ ဝတ်ဆင်ခြင်းနှင့် တပ်ဆင်ခြင်းများ ပြုလုပ်ရန်၊

(၃) စမ်းသပ်တိုင်းတာရေးနှင့် တူးဖော်ထုတ်လုပ်ချိန်တွင် မတော်တဆထိခိုက်မိသည့် လူနာများအား ရှေးဦးသူနာပြုစုပေးခြင်းဖြင့် ကုသပေးခြင်း၊ အနီးရှိ ဆေးရုံ/ ဆေးခန်းများသို့ ပို့ဆောင်ခြင်းတို့ ဆောင်ရွက်ရန်၊

(၄) ဝန်ထမ်းများအား အရေးပေါ်အခြေအနေများတွင် လုပ်ဆောင်ရမည့် တာဝန်များအား ခွဲခြားဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားပေးခြင်း အစီအစဉ်များ ဆောင်ရွက်ထားရှိရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေပေါ်ရေ/ မြေအောက်ရေ အရည်အသွေးအား လုပ်ကွက်အနီးစိမ့်စမ်းရေနှင့် ကျေးရွာအတွင်းရှိ အဝီစိတွင်းတွင် pH, Fe, Copper, Mercury, Suspended Soil, Pb, As စသည့် Parameter တို့အား (၆) လ တစ်ကြိမ် တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၂) လေထုအရည်အသွေးအား လုပ်ကွက်နှင့်ဆက်စပ်ဧရိယာအတွင်း CO, NO, SO, $PM_{10}$, $PM_{2.5}$ စသည့် Parameter တို့အား (၆) လ တစ်ကြိမ် တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၃) ဆူညံသံနှင့် တုန်ခါမှုအား လုပ်ကွက်နှင့်ဆက်စပ်ဧရိယာတို့တွင် (၆) လ တစ်ကြိမ် တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၄) မြေထုအရည်အသွေးအား လုပ်ကွက်နှင့်ဆက်စပ်ဧရိယာအတွင်းတွင် Arsenic, Ca, Cyanide, Fe, Pb, Hg, P စသည့် Parameter တို့အား (၆) လ တစ်ကြိမ် တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၅) စွန့်ပစ်ပစ္စည်း (အစိုင်အခဲ/အရည်) တို့အား အပေါ်ယံမြေစာနှင့် ကျောက်သား စုပုံသည့်နေရာနှင့် ရေဆိုးစွန့်ပစ်ကျင်းတို့တွင် (၃) လ တစ်ကြိမ် တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်။

(ဌ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဍ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဎ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် စမ်းသပ်ထုတ်လုပ်မှုကာလတွင် ကျပ် (၂၄) သိန်းနှင့် တူးဖော်ထုတ်လုပ်ခြင်းကာလတွင် လစဉ်ရန်ပုံငွေကျပ် (၄,၂၅၀,၀၀၀) ခန့် လျာထားသုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူမှ CSR လုပ်ငန်းများအတွက် စမ်းသပ်ထုတ်လုပ်မှုကာလတွင် ကျပ်သိန်း (၆၀) နှင့် တူးဖော်ထုတ်လုပ်ခြင်းကာလတွင် ရန်ပုံငွေကျပ်သိန်း (၆၀) ခန့် လျာထားသုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စမ်းသပ်ထုတ်လုပ်မှုကာလတွင် ကျပ်သိန်း (၃၀) နှင့် တူးဖော်ထုတ်လုပ်ခြင်းကာလတွင် ရန်ပုံငွေကျပ်သိန်း (၅၀) ခန့် လျာထားသုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စမ်းသပ်ထုတ်လုပ်မှုကာလတွင် ကျပ် (၃၅) သိန်း နှင့် တူးဖော်ထုတ်လုပ်ခြင်းကာလတွင် ရန်ပုံငွေကျပ်သိန်း (၅၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်အတွက် စမ်းသပ်ထုတ်လုပ်မှုကာလတွင် ကျပ် (၁၅) သိန်း နှင့် တူးဖော်ထုတ်လုပ်ခြင်းကာလတွင် ရန်ပုံငွေကျပ်သိန်း (၂၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဃ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စမ်းသပ်တိုင်းတာမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ချိန်မှစ၍ တူးဖော်ထားသော အစမ်းကျင်းနှင့် တူးဖော်ထုတ်လုပ်ရေးကျင်းများမှ ထွက်ရှိလာသော အပေါ်ယံမြေသားများအား တူးဖော်ထားသောကျင်းများနံဘေးတွင် စနစ်တကျစုပုံ၍ လုပ်ငန်းများပြီးဆုံးသည့်အခါတွင် ကျင်းများအတွင်း ဖြည့်သွင်းပြုပြင်သွားရန်၊

(၂) မြေသားပြိုကျနိုင်သောနံရံများ၊ တောင်စောင်းများရှိနေပါက သစ်ပင်များစိုက်ပျိုး၍ မြေထိန်းခြင်းပြုလုပ်ခြင်းနှင့် Retaining Wall မြေထိန်းနံရံများပြုလုပ်သွားရန်၊

(၃) လုပ်ငန်းပြီးဆုံးချိန်တွင် မြေပေါ်ရေအတွက် လုပ်ကွက်အနီးရှိ စိမ့်စမ်းရေ၊ ရေစုကန်တို့မှ ရေနှင့် မြေအောက်ရေအတွက် လုပ်ကွက်အနီးရှိ အဝီစိတွင်းမှ ရေအရည်အသွေးအား ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းပြီးဆုံးချိန်တွင် အလုပ်လုပ်ခဲ့သော နေရာများ၏ အပေါ်ယံမြေစာနှင့် ကျောက်သားများ ညစ်ညမ်းမှုရှိ/မရှိ ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်သွားရန်၊

(၅) စက်ယန္တရားများမှ ဆီနှင့်အင်ဂျင်ဝိုင် ယိုစိမ့်မှုကြောင့် မြေထုညစ်ညမ်းမှုများရှိလာပါက ၎င်းအပေါ်ယံမြေများအား ဖယ်ရှား၍ စုပုံထားရှိသည့် မြေစာများကို ပြန်လည်ဖြည့်တင်းပေးသွားရန်၊

(၆) စမ်းသပ်တိုင်းတာမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ပြီးစီးချိန်တွင် ဆောက်လုပ်ထားသော အဆောက်အဦများအား ဖျက်သိမ်းသယ်ယူခြင်း၊ ယာဉ်စက်ယန္တရား

များကို အခြားစီမံကိန်းသို့ ပြောင်းရွှေ့ခြင်း၊ စွန့်ပစ်ပစ္စည်းများအား တွင်းတူး မြေမြှုပ်ခြင်းများ ပြုလုပ်၍ သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်၊

(၇) စမ်းသပ်တိုင်းတာမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် တူးဖော်ထားသည့်ကျင်းများ၊ ချိုင့်များအားမြေဖို့ခြင်း၊ မြေညှိ၍ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်၍ ဒေသနှင့်ကိုက်ညီပြီး အရိပ်ရအကြီးမြန်ပင်များဖြစ်သည့် သစ်ယားပင်၊ မယ်ဇလီပင်၊ မန်ကျည်းပင်နှင့် သရက်ပင်စသော စုစုပေါင်းခန့်မှန်း အပင် (၂၁၇၈) ခန့်ကို (၂၀) ကေလုံးတွင် စိုက်ပျိုးသွားရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လက်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှု

ကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေး လုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လူထုပြင် မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(ဇဇ) စီမံကိန်းမှ တစ်နှစ်လျှင် ထွက်ရှိမည့် စွန့်ပစ်မြေစာများကြောင့် ရေစီးရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှု မဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀) အကွာတွင် မြေစာပုံကွင်း ပြုလုပ်၍ စနစ်တကျ စွန့်ပစ်ရန်နှင့် ရေစီးရေလာပိတ်ဆို့မှု မရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃dBAထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၁.၂ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၁၃၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက်ရေရယူသုံးစွဲခြင်းဆိုင်ရာစည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကိုအစီရင်ခံစာတွင်ဖော်ပြထားသည့်သတ္တုတွင်း ပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပိတ်သိမ်းရန်စီစဉ်ထားသည့် အချိန်မတိုင်မီ (၁) နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့် ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံ မြေဆီလွှာများ ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့် ကိုက်ညီသော နှစ်ရှည်ပင်များ စိုက်ပျိုးရန်၊ အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူ ဆောင်ရွက်ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ်

ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ပါက တင်ပြရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ

ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(ဂ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရန်၊

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(ဃ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့

ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ် များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက် များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူ သည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ် ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသား

ဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(၄၅) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများတို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့်

ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများ အားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရန်နှင့် မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက် (၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်

စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနကထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆိုချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့်ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့်လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဃ) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ်ကြိုတင်ထူထောင်ထားရှိရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်

ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများအတွက် ရန်ပုံငွေ ထူထောင်ထားရှိရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေ ထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက်နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန် တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဖက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ

စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေ ကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက် ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအစီပွာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက် ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင် ဘဏ် တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင် နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကို ကုစားပြင်ဆင် ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက်ကို အသုံးပြုရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ် ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---